# ကြည်နုခေတ်

ပူး စာ ဆုံ လို့ ရယ်

(အချစ်လုံးချင်းဝတ္ထုသစ်)



# အခန်း(၁)

"မိကာ ... ဒီပေါ်မှာ တင်ထားခဲ့တဲ့ ဥစ္စာ ဘယ်ရောက်သွားလဲ"

မေးသံကြားပေမယ့် ကာ လုံးဝ လှည့်မကြည့်မိချေ။

ဒီတစ်ပွဲ နိုင်အောင် ကစားမှ ဖြစ်မယ်လို့ ဆုံးဖြတ်ထားခဲ့တာမို့ နောက်မှာ တပူပူ တဂျီဂျီ အော်နေတဲ့ အစ်ကိုဖြစ်သူကို မမြင်ဟန်ဆောင်နေလိုက်သည် ။

"မိကာ ..."

"ဟာ ... ပစ် ... ပစ်လေ၊ သေစမ်း ... သေစမ်း၊ အံမာ ... ဒါမျိုး အလစ်ချောင်း ဖမ်းလို့ ရမလား"

"မိကာ ..."

"အား ... သေပြီ၊ ချ ... ချ"

အံကြိတ်လိုက်၊ နှုတ်ခမ်းကို မဲ့လိုက်နှင့် တစ်ခါတစ်ခါ ခြေထောက်ကို အားမလိုအားမရ ဆောင့်ချလိုက် လုပ်နေသော ဗိုကာ့ကို ကြည့်ပြီး ဒီပါ စိတ်မရှည်တော့။

တွေ့မယ်... ဒီလောက်ဖြစ်လှတာ။

"ဟော့ ... ဒီပါ ရှေ့ကဖယ်၊ ဒီမှာ ငါနိုင်တော့မယ်"

"အေး ... ဖယ်ပေးမယ်"

ဒီပါ ပြောပြောဆိုဆို မီးခလုတ်ကို ထောက်ခနဲ ပိတ်ချပစ်လိုက်သည် ။

"ပစ်... အား... ဟင် ဒီပါ၊ နင် ဘာလုပ်တာလဲ၊ ဟာ... သွားပြီကွာ"

"နင့်ဂိမ်းက ဘယ်လောက် အရေးကြီးလို့ လဲ၊ ငါ ခေါ်နေတာကို တစ်ချက်မှ လှည့်မကြည့်ဘဲနဲ့ "

သူ့စကားအဆုံး ဌေးကာ တီဗွီရှေ့မှာ တင်ပျဉ်ခွေ ထိုင်နေရာမှ ညစ်ကျယ်ကျယ် ပေစောင်းစောင်း ပုံစံလေးနှင့် ထရပ်ကာ ခါးထောက်လိုက်ပြီး ...

"ဘယ်လောက် အရေးကြီးလို့ လဲ ဟုတ်လား၊ နင့်ကိစ္စကရော ဘယ်လောက် အရေးကြီးလဲ၊ သေရေး ရှင်ရေးလား၊ နင် ဘောလုံးပွဲ ကြည့်နေရင်ရော ခေါ်လို့ ရလား၊ ခဏ Pause လုပ်ထားခဲ့လို့ ရတဲ့ Boxing ခွေ ကြည့်တာတောင် ငါခေါ်ရင် တစ်ချက် လှည့်ကြည့်လို့ လား"

ဌေးကာက မိန်းကလေး ဖြစ်သောကြောင့် ခါးထောက်လျက် ချက်ကျလက်ကျ ရန်တွေ့ပစ်လိုက်လျှင် ဒီပါ ဘာပြန်ပြောရမှန်း မသိဘဲ မှုန်ကုပ်ကုပ် ရှုတင်းတင်း ဖြစ်သွားလေတော့သည် ။ ခဏလောက်နေမှ ...

"အေး ... ဟုတ်တယ်၊ လှည့်မကြည့်ဘူးလေ၊ နင် ခေါ်တဲ့ အလုပ်တွေကရော ဘာအရေးကြီးလို့ လဲ၊ နင့်စားပွဲပေါ် ပိုးဟပ်တက်လို့ ငါ့ကို ခေါ်မောင်းခိုင်းမယ်၊ သရဲကား ကြည့်ပြီး အိပ်ခန်းထဲ မနေရဲလို့ လှမ်းခေါ်မယ်၊ ဘာမှ မဟုတ်ဘဲ သီချင်းဆိုရင်း လမ်းတစ်ဝက်မှာ မေ့နေတာကို တကူးတက လာခေါ်ပြီး အစဖော်ခိုင်းမယ်၊ အဲလို ကပ်သီးကပ်သပ် ကိစ္စတွေကို ငါက လိုက်ကြည့်ပေးနေရမှာ လား ငတုံးမရဲ့ "

"အံမာ ... ငါခိုင်းတာ ဘာဟုတ်သေးလဲ ဒီပါစုတ်ရဲ့ ၊ နင် အချိန်မ တော်ကြီး ရူးကြောင်မူးကြောင် ပြန်လာရင် ဦးဇော်မသိအောင် တံခါးဖွင့် ပေးရတာ ဘယ်သူလဲ၊ ရည်းစားနဲ့ သွားဖို့ ပိုက်ဆံ မရှိရင် ဦးဇော်ဆီက ဝို င်းလိမ်ပြီး တောင်းပေးရတာ ဘယ်သူလဲ၊ ဟင်း ... ဒီကြားထဲ ပေါက်လွ တ်ပဲစား ဘော်ဒါတွေထား၊ ရည်းစားတွ မှိုလိုပေါက် ထား၊ ပြဿနာ ဖြ စ်လာတော့ ဟိုလူကယ်ပါ၊ ဒီလူကယ်ပါနဲ့ တစ်ခါ နင့် အရှုပ်ထုပ်တွေဆီ က ဖုန်းလာရင် ပန်းဒွီကာအကြောင်း ကောင်းကောင်း သိရမယ်၊ နင် မှ တ်ထား"

သူမ စကားတွေအားလုံး မှန်နေသောကြောင့် ဒီပါမှာ ပါးစပ်ကြီး အ ဟောင်းသားနှင့် နားထောင်နေရာမှ ဟက်ခနဲ ရယ်ချမိတော့မလို ဖြစ်သွားရ၏။

ညီမဖြစ်တဲ့ စွာတေးမ ပိုပြီးရောင့်တက်လာမှာ စိုးသောကြောင့် မရ ယ်ဘဲ မျက်နှာပိုး သတ်ထားလိုက်ရသည် ။

ရန်သာ ဖြစ်နေရသည် ။ ရည်းစားတွေဆိုမှ ခုန သူလိုက်ရှာနေသော လွန်းဝသုန်ဓာတ်ပုံ ကိစ္စကို သွားသတိရမိတော့၏။

"ဟဲ... ဟဲ... နင် ပြောတာတွေ အားလုံး ဟုတ်ပါတယ် ညီမလေးရ ယ်၊ ငါကနင်နဲ့ ရန်မဖြစ်ရတာ ကြာလို့ နောက်လိုက်တာပါ"

သူ့စကားက အစွမ်းကုန် ပျော့ပြောင်းသွားတာတောင် ညီမစိတ်က မ ကျေနပ်သေး။

သူမရဲ့ ကုပ်ဝဲသာသာ ဆံပင်တိုတိုလေးကို ဆတ်ခနဲ ခါတင်ရင်း နှု တ်ခမ်းကို စူထော်မဲ့ရွဲ့ပစ်သည် ။ နဖူးပေါ်က ဆံပင် အုပ်အုပ်ဝဲဝဲလေးက နဂိုအတိုင်း ပုံ့ပုံ့လေး ပြန်ကျပြီး ဂျစ်ကန်ကန် မိုက်တူးတူး မျက်လုံးလေး တစ်ဖက်ပေါ် ဖုံးလုနီးပါး ပြန်ဖြစ်သွားတော့၏။

ဟွန်း… ပုံစံကိုက နားရင်း အုပ်ပစ်ချင်စရာ။ မေးစရာရှိလို့ မျက်နှာသာ ပေးတာ သင်းက အဟုတ်ကြီးမှတ်လို့ ။

ဒီပါ စိတ်ထဲက ကျိန်ပြီး ကြိမ်းမောင်းလိုက်ပေမယ့် မျက်နှာကတော့ အသားကုန် ပြုံးထားရပါသည် ။

"ဒါနဲ့ ကာကာ … ငါဒီပေါ်မှာ တင်ခဲ့တဲ့ ဓာတ်ပုံသုံးပုံ တွေ့မိသေးလား"

သိပ်တွေ့တာပေါ့။ ညှော်ခန်းထဲက ဆက်တီပေါ် ပရမ်းပတာ ပစ်သွားတဲ့ ဟာပဲ။

ကာ စိတ်ထဲက ရေရွတ်မိပေမယ့် မျက်နှာကတော့ သိပ် အမှတ်မရသလို မှုန်ကုပ်ပေကပ်ပြီး…

"ဘာပုံတွေလဲ … ဘယ်တုန်းက ထားခဲ့တာလဲ"

"ငါမနက်က သင်တန်းက ပြန်လာတုန်းကလေဟာ … ရေသောက်ရင်းနဲ့ ကြည့်နေတဲ့ ပုံတွေ၊ နင်တောင် အာလူးကြော် စားရင်း လှည့်ကြည့်သွားသေးတယ်လေ၊ ဦးဇော်ကား ထွက်သွားခါစလေးပဲ၊ မှတ်မိတယ် မဟုတ်လား"

"အမယ်လေး… လျှာတွေ ရှည်နေလိုက်တာ၊ တွေ့တယ်ဟေ့ တွေ့တယ်၊ အဲဒါ ဘာဖြစ်လဲ"

"အေး … အဲဒါ ငါ့ကောင်မလေးတွေ ပုံတွေ၊ အခု ဘယ်မှာ လဲ"

ဒီပဲ့စကား အဆုံး သူမက မျက်ခုံးလေး ပင့်ရင်း ပခုံးကိုပါ ဟန်ပါပါ တွန့်ပစ်လိုက်သည် ။

"ဟယ်… အဲဒါ နင့်ရည်းစားပုံ၊ ဟုတ်လား … အံ့သြစရာပဲ"

"ရေရေလည်လည် မိုက်တယ်နော်၊ သူက မော်ဒယ်လ်လေ၊ အခု ကြော်ငြာ စရိုက်တော့မှာ ၊ သူ့နာမည်က လွန်းဝသုန်တဲ့ "

"တစ်ခါမှ မကြားဖူးပါဘူး"

"နင်က စာမှ မဖတ်တာ၊ တီဗွီလည်း မကြည့်ဘဲနဲ့ ၊ အားအားရှိ ဂိမ်းပဲ ဆော့နေပြီးတော့၊ သူ အင်္ကျီ ကြော်ငြာထားတာတောင် ရှိသေး၊ နင် မမှတ်မိတာ အံ့စရာပဲ"

သူ့ရည်းစားအကြောင်း ခပ်ကြွားကြွားလေး ပြောလိုက်သော ဒီပ့ါစကားအဆုံး ကာ နှုတ်ခမ်းလေး မဲ့ပစ်လိုက်၏။ လွန်းဝသုန်တဲ့ ။ မသိဘဲ နေပ့ါမလား။ ပွဲလိုက် ရှုပ်လိုက်တာ သူ့သတင်းတွေ မကြားချင်မှ အဆုံး ။

စပွန်ဆာ ကိစ္စကလည်း နာမည် အတော်ကြီးတာမို့ အဘိုးကြီးကြိုက်လို့ နာမည်ပေးထားတာကို ဒီပါက တယုတယ လာလုပ်ပြနေတာ အံ့ပါရဲ့ ။

ပန်းဋ္ဌီကာရဲ့ အစ်ကိုဖြစ်နေပြီး အဲလို အပေအပွကို အမြတ်တနိုး လုပ်နေတာ ပြောရရင် ရာဇဝင်တောင် ရိုင်းသေး၏။

"မိကာ ... ငါမေးနေတာ ကြားလား"

ဖြစ်ရပြန်ပြီ။ ခိုင်းချင်တာလေးများ ရှိရင် ကာကာ၊ ညီမလေး ကာလေးနဲ့ ၊ စိတ်မရှည်ဘူးဆိုမှ ဖြင့် အဲဒီ မိကာဆိုတဲ့ ခပ်စုတ်စုတ် နာမည်ကို တမင်နှိမ်ခေါ်တော့တာ။ ဦးဇော်လည်း ဘာထူးလဲ။ ဒီပ့ါအတိုင်း တစ်ချိုးတည်းပဲ။ ပြောလိုက်ရင် မိဘမရှိတဲ့ ကာတို့ မောင်နှမနှစ်ယောက်ရဲ့ အနှံတာတွေပဲ ခံနေရသလို၊ ဆိုးသွမ်းလွန်းလို့ ထိန်းနေရသလိုလိုနဲ့ သူ့ဘာသာ ဂေါ်မစွံတာကို ကလေးနှစ်ယောက်နဲ့ ရောချပြီး အနိုင်တီမမတွေ

အထင်ကြီး လေးစား သနားအောင် ညည်းညည်းပြ နေတာ မသိတာမှ တ်လို့ ။ သူ ဘယ်လောက် ညည်းညည်း လေးဆယ်ကျော် ခြောက်နှစ်စွန်း လို့ လူ့ဘဝကို လုံးလုံး မစရသေးတာလည်း ကံထူးခြင်း တစ်မျိုးပါပေ။ ရ ပ်ဆိုးတာလည်း မဟုတ်ဘဲနဲ့ ။

ကာကတော့ ရှင်းရှင်းပဲ။ ကိုယ့်ဘက်က လိုလို မလိုလို လေသံက ပုံမှ န်ပဲ။ ချွဲလည်း မချွဲ၊ တာလည်း မတာတတ်ပါ။ ဒီပုံလို နေရာတကာ အခွ င့်အရေးယူ လိုက်သောင်းကျန်းပေမယ့် ဦးဇော်ကိုတော့ ဖော်လံဖား မလု ပ်ပေါင်။

"ဟဲ့ ... မိကာ"

"ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ စဉ်းစားနေတာကို၊ ဟို ပုံက ဘယ်နှပုံ ..."

ဒီပါက ကာ တမင်ရစ်နေမှန်း သိသလို ကျွတ်မနဲ့ စုတ်သပ်ရင်း ရွှေ ရောင်ဆံပင် အလန်းလေးတွေကို လက်နဲ့ တစ်ချက် ထိုးဖွသည် ။ အမ လေးဟဲ့ ... စိတ်တိုတာတောင် ကိုးရီးယားစတိုင်လ်နဲ့ တစ်ဖက်လှည့်ပြီး မျက်စောင်းထိုး သလိုလို၊ မျက်လွှာချ မျက်မှောင်ကြုတ် သလိုလိုလုပ်ရင်း သက်ပြင်းကို ဆောင့်ခနဲ ချရသေး၏။ ဝတ္တုရားကြီးလို က်တာ ... ဒီပါရယ်။

အဲဒီစတိုင်လ်ကိုပဲ ကောင်မလေးတွေက ကြွေကြတယ်ဆိုပဲ။

"မိကာ ... ငါ စိတ်မရှည်တော့ဘူးနော်၊ ပုံက သုံးပုံ၊ သုံးပုံအကုန်လုံး အဝတ်တစ်စုံတည်းပဲ"

"ဩော် ... ပေါင်လယ်လောက် ဂါဝန်ကို စတော့ကင် မပါဘဲ ဝတ်ရို က်ထားတဲ့ ခပ်လန်လန်ပုံ မှတ်လား၊ တော်တော် Attraction ရှိတဲ့ ပုံပဲ၊ ငါ

ကသူ့ကို သိမှ မသိတာ၊ နိုင်ငံခြား မင်းသမီးပဲ ထင်နေတာ"

ကာ့ စကားကြောင့် ဒီပဲ့မျက်နှာက ဝင်းလက်သွားသည် ။

"ဟုတ်တယ်နော်၊ သူ့အလှက International အလှမျိုး၊ ဒါနဲ့ အဲဒီပုံတွေ ဘယ်မှာ လဲ"

" Toilet ထဲမှာ ..."

"ဘာ ... ဘယ်မှာ "

"တိုတိုးပြောစမ်းပါ၊ နင့်အသံက ကျယ်လိုက်တာ"

"ကျယ်ရမှာ ပေ့ါ၊ ဘာကိစ္စ အဲ့ဓာတ်ပုံတွေက Toilet ထဲ ရောက်သွားတာလဲ"

ဒီပဲ့ပုံစံက ခြေမကိုင်မိ လက်မကိုင်မိ ဆွေ့ဆွေ့ခုန် ဖြစ်နေတာမို့ ကာရယ်လည်း ရယ်ချင်၊ လန့်လည်း လန့်သွားမိသည် ။

"နင့်ပုံတွေက ကျက်သရေမှ မရှိတာ၊ အဝတ်အစား ဝတ်ထားတာလည်း မလုံ့တလုံနဲ့ ၊ အဲဒါမျိုးတွေ ဒီလို အိမ်ရှေ့ဧည့်ခန်းမှာ ထားလို့ မှ မသင့်တော်တာ၊ အဲဒီတော့ Toilet ထဲက အပျင်းပြေ ကြည့်တဲ့ post card စင်ပေါ် ပို့လိုက်တယ်"

"ဘာ ... နင် မိုက်ရိုင်းလှချည်လား မိကာ၊ င့ါကောင်မလေး ပုံများ Toilet ထဲ သွားထားရတယ်လို့ ၊ နင်တော့ ငါဆွဲထိုးမိတော့မယ်နော်"

"အံမာ ... ထိရဲထိကြည့်၊ နင့်ကို ကြောက်ရင် င့ါကိုယ်ငါ နာမည်ပြောင်းပစ်မယ်"

"အရူးမ"

"ငပေါကြီး"

"အူကြောင်ကြား"

"နင်က ဖွတ်ကျား"

"သေမယ်နော် မိကာ၊ နင့်ထက်ငါ အသက်ကြီးတယ်၊ မမိုက်ရိုင်းနဲ့ "

"နင်က အသက်ကြီးပြီး အချိန်မှ မစီးတာ"

"ပြောလေ ကဲလေ၊ နင် နာချင်လို့ လား"

ဒီပါက လက်သီးဆုပ်ကို ရွယ်လျက် ကာ့မျက်နှာရှေ့ ကိုယ်ကြီး ကိုင်းကျလာတာမို့ မျက်နှာကို မဲ့ရွဲ့ရင်း ကိုယ်ကို နောက်ယို့လိုက်ပြီး ...

"ငပေါကြီးနော်၊ အသက်ကြီးတယ် ဆိုပြီး ငါ့ကို လာအနိုင်မကျင့်နဲ့ ... ဟောဒီမှာ ဦးဇော်ရေ"

"ကျွတ် ... နင့်ပါးစပ်ပိတ်၊ အသံပြဲကြီးနဲ့ စွတ်မအော်နဲ့ ၊ နင့်ကို ငါ ဘာလုပ်ရသေးလို့ လဲ"

"ဘာ ... ဘာလုပ်ရသေးလို့ လဲ ဟုတ်လား၊ ဘာလုပ်ဦးမလို့ လဲ၊ လာပြီး အရူး .... ဖွန်ကြောင်"

"မိကာ ... နင် လက်သီးစာ မိတော့မယ်နော်၊ အရိုင်းစိုင်းမလေး"

"ဟော့ကောင် ... ဒီပါ"

"ဟင် ...."

"အဲ ... ဦးဇော် လာပြီ"

ဦးဇော်က အပေါ်ထပ် လှေကားအတိုင်း ဆင်းလာရင်း သူ့အသံ ဩဩကြီးနှင့် အော်လိုက်တာမို့ ကာ့ မျက်နှာနား တဝဲဝဲ ဟန်ရေးပြနေတဲ့ ဒီပါ့လက်သီးက ဖြုတ်ခနဲ ပြန်ကျသွားတော့သည် ။

ကာ တီရှပ်ကော် လာလေးကို ဟန်ပါပါ ဆွဲတင်ရင်း ဆိုဖာပေါ်မှာ ဣန္ဒြေရရ ပြင်ထိုင်လိုက်၏။

အားကိုးရှိလို့ ဆောင့်ကြွားကြွား ဖြစ်သွားတဲ့ ဋီကာ့ကို ကြည့်ပြီး သူနှာခေါင်းရှုံ့လိုက်မိသည် ။

"မင်းတို့ နှစ်ကောင်ကို ကြည့်လိုက်ရင် အမြဲ ရန်ဖြစ်နေတာချည်းပဲ၊ ဟော့ကောင် ဒီပါ၊ မင်း ကာကာ့ကို မစဘဲ တစ်နေ့လောက် မနေနိုင်ဘူးလား"

ဦးဇော် စကားကြောင့် ကာ ခွီခနဲ ကျိတ်ရယ်လိုက်၏။ ဒီပါက စူပွပွ ရှုတင်းတင်း မျက်နှာနှင့် ...

"သား ဘာမှ မစဘူး၊ သူကိုက ပြဿနာ ရှာနေတာ၊ ဦးဇော်တူမ ပြန်မေးကြည့်ဦး"

"အံမာ ... ပြောပုံကိုက၊ သူကတော့ သူတော်ကောင်းပေ့ါ၊ ကာကာကပဲ ပြဿနာကောင် လိုလို၊ နေပါဦး ... မင်းတို့ နှစ်ကောင် ကြောင်နဲ့ ကြွက် သေလို့ ဝင်စားသလား"

"ဟင် ..."

ကာ နှာခေါင်းလေး ရှုံ့လိုက်မိသည် ။ နှိုင်းစရာရှားလို့ ကြံကြံဖန်ဖန် ကာတွန်းဇာတ်ကောင် သေပြီး ဝင်စားစရာလား။ ဦးဇော်နှယ် ... ဆူချင်တာတောင် ဥပမာပေးတာက အဆီအငေါ်ကို မတည့်ဘူး။

"ညည်းလည်း သတိထား မိကာ၊ ငါမပြောချင်လို့ ကြည့်နေတာကြာပြီ၊ မိန်းကလေး တစ်ယောက် ရှိတယ်၊ အပိုးကို မကျိုးဘူး၊ နေရာတကာ ပါတယ်၊ တလွှားလွှားနဲ့ အစ်ကိုတွေ၊ ဦးလေးတွေ ကြားထဲ နေပြီးသေသေဝပ်ဝပ် မရှိဘူး၊ ညည်းလည်း ယောကျ်ားသာဆို အတော်အုပ်ယူ

ရမယ်"

ကဲ ... မှတ်ကရော။ ငြိုကာ အဆူခံလိုက်ရတာမို့ ခုန စူပုပ်ပွနေတဲ့ ဒီပဲ့မျက်နှာက ဝမ်းသာအားရကြီး ဖြစ်သွားတော့သည် ။ မိကာကို ဦး ဇော် မဆူတာ အတော်ကြာနေပြီ။ ဆယ်တန်း စာမေးပွဲအောင်တာ ဂုဏ် ထူးလေး နှစ်ဘာသာ ပါပြီး သူ့တုန်းကထက် အမှတ်နည်းနည်း ပိုများ တာမို့ ဦးဇော်ရဲ့ အလေးပေး မြှောက်စားမှုကို ခံလာတာ နှစ်နှစ်နီးပါးပင် ရှိပြီဖြစ်သည် ။ ခုတော့ ... ဘာတတ်နိုင်သေးလဲ။

ဒီပါ ကွန်ပျူတာတက်လျှင် လိုက်တက်၊ Speaking ဆို သူလည်း လို က် Speaking၊ ဒီပါ အင်တာနက်သုံးလျှင် သူလည်း အားကျမခံ၊ နောက် ဆုံး ဂျူဒို၊ ကရာတေးလည်း အလွတ်မပေး၊ ဂစ်တာလည်း ချမ်းသာမပေး ၊ ဘီယာခိုးသောက်တဲ့ ကိစ္စထဲ မပါတာပင် တော်တော့သည် ။

အားမနာတမ်း ပြောရလျှင် တော်တော် မျောက်ရှုံးတဲ့ ငြိုကာပင်။

နာမည်ကတော့ နုပဲ့။ ပန်းငြိုကာတဲ့ ။ လူက အစ်ကိုနှင့် နေရာတကာ လိုက်တုလွန်းလို့ တစ်စက်ကလေးမှ နုနုနယ်နယ် မရှိတော့ချေ။ တော် သေးတယ်၊ ဟိုမရောက် ဒီမရောက် ယောကျ်ားလျာလေး ဖြစ်မသွားတာ ကံကောင်း။

ဒီပါက အကြီးဖြစ်တာမို့ နေရာတကာ ဆရာလုပ်တတ်၊ ခိုင်းတတ် ပေမယ့် တစ်ဦးတည်းသော ညီမလေးမို့ အလျှော့ပေး အလိုလိုက်ကာ ချ စ်ရပါသည် ။

နှုတ်က ဘယ်လောက်ဆူဆူ အော်အော်၊ ငြိုကာ လိုက်ချင်သည် ဆို လက်ဖွဲ့ပွဲလည်း ခေါ်၊ ဘောလုံးပွဲလည်း ခေါ်၊ ဘယ်သွားသွား မထားရ က်နိုင်။

သူ ခိုင်းလျှင်တော့ လုပ်ပေးတာက နည်းနည်း၊ အပေးအယူလုပ် အခွင့်အရေး တောင်းတာက ခပ်များများ ရယ်ပါ။

တစ်ခါတလေ ရောက်ဖူးချင်လှချည်ရဲ့ ဆိုပြီး ကလပ်လိုက်လိုလိုက်၊ ညဥ့်နက်သန်းခေါင် ရှိုးပွဲ ပါလိုပါ။

ဒါပေမဲ့ ဋ္ဌိကာက သူများ မိန်းကလေးတွေကို လှတပတ နုနုရွရွလေး ပြင်ဆင်ခြယ်သတာ မဟုတ်လို့ စိတ်တော့ နည်းနည်း အေးရပါသည် ။

ပခုံးပေါ်မှာ ခပ်ထောက်ထောက် ဝဲနေသည့် ကော်ဖီရောင် ဆံပင်ရွဲရွဲကလေးမှ လွဲလျှင် သူမမျက်နှာက ဘာကာလာမှ မတင်။ ဒီပါဝတ်သလို Rapper ဘောင်းဘီ ပွပွကြီးတွေ၊ တီရှပ် ဖားဖားကြီးတွေ ဝတ်ပြီး ဦးထုပ်လေး မချွတ်တမ်း ဆောင်းထားတဲ့ ဋ္ဌိကာ့စတိုင်လ်က ဖြုန်းခနဲ ကြည့်လျှင် ကောင်ချောကလေးလိုလို ဘာလိုလို၊ အရပ်ကလည်း ဒီပ့ါလောက် မမြင့်ပေမယ့် ငါးပေခြောက်မို့ သိပ်မခေလှပါ။

ဟိုဒီသွားလျှင် ညီမကို ဘယ်ငနဲမှ ဝိုင်းမငမ်းဘဲ ကိုယ်ချိန်နေသည့် လေဒီတွေကသာ ကွက်ကြည့် ကွက်ကြည့်မို့ ဒီပါ အောင့်သက်သက်နှင့် ကျိတ်ရယ်ရဖူး၏။

သူ အလိုလိုက်ကောင်းလို့ ဝယ်ထားပြီး မဝတ်ရက်သည့် ရှားပါး အကောင်းစားလေးတွေကို ဋ္ဌိကာက ဦးဦးဖျားဖျား ဝတ်ပြီး လန်းပစ်တာလည်း အကြိမ်ကြိမ်။

ဦးထုပ်တွေ၊ ခါးပတ်တွေကို ဘယ်အချိန် လာသုတ်သွားမှန်း မသိဘဲ အပြင်သွားခါနီးမှ ကောင်းကောင်း ပေါက်ကွဲအောင် သူမက တတ်နိုင်လေသည် ။

အဲလို ပိစိကွေး အသေးအမွှားလေးတွေကနေ တကျက်ကျက် ရန်ဖြစ်

၊ ဦးဇော်က အခွင့်သင့်တိုင်း ဝင်ဆူနှင့် သူတို့ တူဝရီး သုံးယောက်အဖြစ်က ပတ်လည်ရိုက်နေကာ ပျော်စရာတော့ ကောင်းပါသည် ။

ဋ္ဌိကာ သူ့အပေါ် ကောင်းသည့် အချက်က ပိုက်ဆံလိုတိုင်း ချေးတတ်ခြင်း၊ ဦးဇော်ဆီကနေ ဘာသင်တန်း၊ ညာသင်တန်း အကြောင်းပြကာ ပိပိရိရိ လိမ်ညာ တောင်းပေးခြင်းနှင့် သူ့ရည်းစား ကိစ္စတွေမှာ စိတ်ပါဝင်စားစွာ အားတက်သရော ကူညီခြင်းပင်။ သူမကလည်း အဲလိုကိစ္စမဆို ကိုယ်တိုင် မီးမလောင်ဘဲ သူများ လောင်ဖို့ အားပေးတဲ့ Oxygen လို ကောင်မလေးမျိုး ဖြစ်တာမို့ ခပ်ရှုပ်ရှုပ် ရည်းစားများသော အစ်ကိုအတွက် အားကိုးရသော ညီမလေး ဖြစ်နေသည် ။

"ဒီပါ … မင်း ကလေး မဟုတ်တော့ဘူး၊ ကလေးနဲ့ တုပြီး ရန်ဖြစ်နေတာ ငပေါကြီး ဖြစ်မှန်းမသိ ဖြစ်နေပြီ သိရဲ့ လား၊ ကျောင်းပြီးတာတောင် သင်တန်းယောင်ယောင်၊ ဘာယောင်ယောင်နဲ့ အလေလိုက်ချင်သေးတယ်၊ ငါ့ဆိုင်မှာ ဝင်ကူကောင်းတယ်ဆိုတာ သတိရသေးရဲ့ လား"

"ဦးဇော်ကလည်း ဆိုင်မှာ Outdoor ထွက်စရာ ရှိရင် လိုက်ပေးပါ့မယ်ဆိုတော့ မလိုဘူး ဘာညာနဲ့ "

"ဟော့ကောင် … တစ်နှစ်လုံးနေမှ တစ်လ နှစ်လလောက် Outdoor ထွက်ရတာကို လာမပြောနဲ့ ၊ ဆိုင်မှာ ဖိုတိုရှော့သမား လိုနေပါတယ်လို့ မင်းကို ဘယ်နှခါ ပြောရမလဲ၊ မင်းကို မေးလိုက်ရင် သင်တန်းတက်နေပါတယ်၊ ဘာညာနဲ့ ခုထိဆိုင်မှာ ပုံတစ်ပုံ လာမပြင်ဖူးဘူး၊ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားဖို့ တော့ တတ်တယ်"

ဘာမှ မဆိုင်တာကို ဆွဲလွဲစေ့စပ်ပြီး ဆူရမယ်လို့ ဦးဇော်က ပထမပင်။

ခုလည်း ငှို့ကာ့အလှည့်ကနေ ဘယ်လိုဘယ်လို သူ့အလှည့် ရောက်လာသည် မသိ။ ဦးဇော်ရဲ့ ဆူပူ ကြိမ်းမောင်းသံဟာ ထုထည်နဲ့ အရာဝတ္ထုဆိုလျှင် သူနဲ့ ငှို့ကာ နှစ်ယောက်ကြားမှာ ပါဆယ်ဂိမ်းလို ဟိုပစ် ဒီပစ် ဖြစ်နေမှာ အမှန် ဖြစ်၏။

ဘယ်သူ့ကို ဘယ်လောက်ဆူဆူ ဦးဇော်ရဲ့ နောက်ဆုံး နိဂုံးချုပ် ဆူပူစကားကြီးကတော့ ရယ်စရာလိုလို သနားစရာလိုလိုပါ။

"မင်းတို့ တွေ အသက်လည်း မငယ်ကြတော့ဘူး၊ မင်းတို့ အဖေ အမေဆုံးတာ ဆယ့်နှစ်နှစ် ကျော်ပြီ၊ ဒီပါ မင်းအသက် နှစ်ဆယ့်တစ်ထဲ ရောက်နေပြီကွ၊ အဲဒါ ကလေး မဟုတ်တော့ဘူး၊ ကျောင်းပြီးရင် အလုပ်လုပ်ရမှာ ပဲ၊ ငါဆို မင်းတို့ အရွယ်တုန်းက မိတစ်ကွဲ၊ ဖတစ်ကွဲနဲ့ သင်္ဘောလိုက်ရတယ်၊ ပြန် လာပြီး အိမ်ထောင်ပြုမယ်၊ မိသားစုဘဝလေး တည်ဆောက်မယ် ကြံတော့ ဗြုန်းဆို မင်းတို့ အဖေအမေတွေ ဆုံးတယ်၊ ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်က အလိုလို ငါ့တာဝန် ဖြစ်လာတော့ ကလေးအဖေလည်း ငါ၊ ကလေးအမေလည်း ငါလုပ်ရတယ်၊ မင်းတို့ စဉ်းစားစမ်း၊ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ငါ့အသက်က အိမ်ထောင်ပြုဖို့ အရွယ်ကောင်းပဲ၊ ငါ့ကိုကြိုက်တဲ့ မိန်းမတွေလည်း တစ်ပုံကြီးပဲ၊ ဒါပေမဲ့ မိဘမဲ့နေတဲ့ ငါ့တူလေးနဲ့ တူမလေးကို ငဲ့ပြီး ငါ့ဘဝငါ မတည်ဆောက်ခဲ့ဘူး၊ တကယ်တော့ ငါ့ချစ်သူ ဒေစီလွင်က ငါ့ကို သစ္စာဖောက်သွားတာ မဟုတ်ဘူး ၊ ငါမင်းတို့ နှစ်ကောင်ကို ငဲ့ပြီး တမင်ငြင်းလိုက်လို့ သူ့ခမျာ ရှက်ပြီး ဟိုဆရာဝန်ကို ယူလိုက်တာ၊ ပြန်တွေးရင် အသည်းနာတယ်၊ မင်းတို့ မလိမ္မာတာ တွေ့ရင် ပိုပြီး ယူကျုံးမရ ဖြစ်တယ်ကွ၊ နားလည်လား၊ အခု မင်းတို့ အရွယ်ရောက်နေပြီ၊ တကယ်ဆို ငါလက်လွှတ်ရတော့မှာ ၊ မိကာ အသက်ဆယ့်ရှစ်နှစ် ပြည့်ပြီးပြီ၊ ကျောင်းလည်း ပြီးတော့မယ်၊ ဒီပါဆို အားလုံး အခြေကျနေရမှာ ၊ ခုတော့ကွာ ... ဘယ်မှာ လဲ မင်းတို့

အနာဂတ်၊ ဘယ်မှာ လဲ ငါ့ဘ၀ မျှော်လင့်ချက်၊ ဟင်း … တွေးကြည့်ရင် စိတ်မော စရာတွေချည်းပဲ၊ ငါ မပြောတော့ဘူး၊ မင်းတို့ အသိတရား ရလာတဲ့ နေ့ကို ငါစောင့်မယ်၊ အဲဒါ ဒီနေ့ ဒါမှ မဟုတ် မနက်ဖြန်ဖြစ်ဖို့ ငါ မျှော်လင့်တယ်၊ ဒါပဲ …"

ဦးဇော်ရဲ့ အကြိမ်ကြိမ် အဖန်ဖန် ဖွင့်ပြနေကျ ဓာတ်ပြားဟောင်းကြီး အဆုံး ဦးကာက ဆိုဖာပေါ်မှာ ငုတ်တုတ် အိပ်မောကျသွားပြီး ဒီပါက တော့ အသံထွက်အောင်ပင် ဟောက်နေလေတော့၏။

ဦးထင်လင်းဇော်မှာ တူနှင့် တူမကို ကြည့်ပြီး ဒေါသတကြီး တောက်ခေါက် လိုက်မိပေမယ့် နှိုးလည်း ရမှာ မဟုတ်တာမို့ မနှိုးဘဲ အပေါ်ထပ် သို့သာ ပြန်တက်ခဲ့ရတော့သည် ။

***

# အခန်း (၂)

"ဘယ်လိုလဲ ရောင်းရင်း၊ မင်း စာမေးပွဲ အောင်သွားပြီဆို"

ရုတ်တရက် ထမေးလိုက်သော သော်ဇင့်စကားကြောင့် သူ ကြောင်သွားပေမယ့် တစ်ခဏချင်းမှာ ပဲ ဘာကို ဆိုလိုတယ်ဆိုတာ သဘောပေါက်သွားရရင် ပခုံးတွန့်ပြလိုက်သည် ။

"အောင်တယ် ... ဂုဏ်ထူးတောင် ပါသေး"

"ဟား ... ဟား ... ရွှေရေးခြယ်ရဲ့ အချစ်တစ်ခုတည်း မဟုတ်ဘဲ ယောက္ခမတွေဆီက အချစ်တွေပါ စုပြုံရလိုက်လို့ လား"

သော်ဇင့်စကား အဆုံး သူ သဘောကျစွာ ရယ်လိုက်မိသည် ။ ရွှေရေးခြယ်ဆိုတာ လွန်ခဲ့တဲ့ နှစ်လလောက်ကမှ သူ့ရဲ့ ဦးဦးဖျားဖျား ရည်းစားဖြစ်လာသူ ဖြစ်သည် ။

အရမ်းလှလွန်းပြီး ပြင်လွန်း ဆင်လွန်းတာကြောင့် စလိုက်တုန်းက သူ့ထက်ငယ်သည် ပဲ ထင်ထားခဲ့ပြီး သမီးရည်းစားဘဝ ရောက်မှ ကိုယ့်ထက် သုံးနှစ်ကြီးမှန်း သိရတော့၏။

အဲလို အသက်ပိုကြီးတာကပဲ သူ့အတွက် ကံကောင်းစေပြီး တစ်ခါတစ်ခါ စိတ်ညစ်စရာတွေလည်း ဖြစ်ရပါသေးသည် ။

ရွှေရေးခြယ်က သူ့ကို အငယ်မို့ အလိုလိုက် အလျှော့ပေးတာမျိုး တစ်

ခါမှ မရှိခဲ့ဘူးပါ။ ချစ်လို့ ဂရုစိုက်တာက တော်တော် သဝန်တို ဇီဇာကြောင်တာက ခပ်များများ ပင်။

"ဒါနဲ့ မင်း ရွှေရေးခြယ်က ဘာကိစ္စ သူ့မိဘတွေနဲ့ ပေးတွေ့တာလဲ၊ ကြိုက်တာဖြင့် ဘာမှ မကြာသေးဘဲ"

"မသိပါဘူးကွာ၊ သူ့စိတ်ကူးနဲ့ သူ ထင်ရာလုပ်တာပဲ၊ ဘယ်နေ့ ဘယ်ရက် အိမ်မှာ ဖေဖေနဲ့ မေမေကို လိုက်တွေ့ပါဆိုပြီး တစ်ခါတည်း အမိန့်တန်းချတာ၊ တော်သေးတယ်၊ ကြိုပြောတာကိုပဲ ကျေးဇူးတင်ရမယ်၊ ရေးက တစ်ခုခု လုပ်ချင်ပြီဆို တစ်ဇွတ်ထိုးကွ"

သူ့စကား အဆုံး သော်ဇင်က စိတ်မသက်မသာဟန်နှင့် သက်ပြင်းချလိုက်၏။

ရောင်းရင်းကလည်း သမားရိုးကျ ခပ်အေးအေး လူရိုးလေးတော့ မဟုတ်ပါ။ အင်တာနက် ကဖေးလေး ကိုယ်ပိုင်ဖွင့်ပြီး အလုပ်ကို တိတိကျကျ လုပ်နေတဲ့ ထက်ထက်မြက်မြက် လူငယ်တစ်ဦးသာ ဖြစ်၏။ နှစ်ဆယ့်သုံးဆိုတဲ့ အသက်အရွယ်မှာ အတည်တကျ ရည်းစား မထားဘူးတာ တစ်ခုကလွဲပြီး ကျန်တဲ့ နေရာမှာ တော့ ဇ မသေးတာမို့ ခုလို ရည်းစားရဲ့ ဆုံးဖြတ်ချက်အတိုင်း အေးဆေး လျှောက်လိုက်နေသည် ဆိုသောအခါ သော်ဇင်က တအံ့တသြ ဖြစ်နေသည် ။

"သူ့အဖေ အမေနဲ့ တွေ့တော့ မင်းကို ဘာတွေ မေးကြ ပြောကြသေးလဲ"

"ဘာမှ ထွေထွေထူးထူး မမေးပါဘူး၊ ဘာလုပ်လဲ၊ မိဘ အခြေအနေ ဘာညာမေးပြီး အေးအေး ဆေးဆေး ဖော်ဖော် ရွေရွေပါပဲ"

"အိမ်ကို နောက်လည်း ဝင်ပါထွက်ပါဆိုတာ မမှာ လိုက်ဘူးလား"

"မင်းက သိလှချည်လား"

"သိတာပေါ့ ရောင်းရင်းရဲ့ ၊ အဲ့အထာတွေက ဟိုး ရှေးရှေးတုန်း က တည်းက ရှိခဲ့တာပဲ၊ မင်းကို အသိအမှတ် ပြုတယ်ဆိုတဲ့ မင်း အလွယ်တကူ သိဖို့ အဲလိုစကားပဲ ပြောမှာ ပဲ၊ ဘာဖြစ်ဖြစ် မင်း ကံကောင်းပါတယ်ကွာ၊ ရွှေရေးခြယ်က တစ်ဦးတည်းသော သမီး၊ လုပ်ငန်းတွေကို သူကိုယ်တိုင် ဦးစီးနေတဲ့ ထက်မြက်တဲ့ မိန်းကလေးပဲ၊ မင်း အရွေးတော်တယ်"

သော်ဇင်က သဘောရိုးနဲ့ ပြောပေမယ့် သူ့စိတ်ထဲ ခပ်နင်နင် ဖြစ်သွားရသည် ။

တကယ်ပဲ သူ ရွှေရေးခြယ်ကို မှန်ကန်စွာ ရွေးချယ်ခဲ့လေသလား မဆိုတတ်ပါ။ တွေ့စက လှလို့ သဘောကျတာရယ်၊ အရည်အချင်း ရှိတဲ့ မိန်းကလေး တစ်ယောက်မို့ မက်မောမြတ်နိုး မိတာရယ်နှင့် သူမကို မရမက လိုက်ခဲ့ခြင်းဖြစ်သည် ။ အရူးအမူး ရင်မခုန်ခဲ့ပေမယ့် ကိုယ်နဲ့ လိုက်ဖက်သင့်တော်တဲ့ မိန်းကလေး တစ်ယောက်မို့ အလေးအနက် ထားပြီး ချစ်ခဲ့တာတော့ ရှိ၏။

အကယ်၍ ရွှေရေးခြယ်ဟာ ရုပ်ဆိုးဆိုးနှင့် ခပ်ညံ့ညံ့ အရည်အချင်း ရှိသူသာဆိုလျှင်တော့ သူ လုံးဝချစ်ခဲ့မှာ မဟုတ်ပါ။ အပေါ်ယံ ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းတွေ ဖယ်ထုတ်လျှင် အချစ်က ထိုအရာတွေနဲ့ အတူ တစ်ပါတည်း ပါးလျပျောက်ဆုံး သွားတာ အံ့စရာပင်။

ခုချိန်ရောက်မှ မဖြစ်နိုင်တာ တွေးပြီး ကလေးဆန်ဆန် အချစ်တို့ ၊ ရင်ခုန်ခြင်းတို့ ကို ခွဲခြမ်းစိတ်ဖြာနေဖို့ မလိုဟု သူ ယူဆသည် ။

ရွှေရေးခြယ်ကရော သူ့ကို ဘယ်လို သဘောထားလဲ။ အရူးအမူး ရင်ခုန် စွဲလမ်းတာမျိုးလား၊ မိန်းကလေး တော်တော်များများ အသိအမှတ်ပြု သဘောကျသလို ရုပ်ချောတာ၊ အရည်အချင်း တည်တံ့

တာ မက်ပြီး သူနဲ့ လိုက်ဖက်ရာရာကို ရွေးခဲ့လေသလား သူ အတတ်မသိနိုင်ပါ။

"မင်း သူ့မိဘတွေနဲ့ တွေ့ပြီးပြီဆိုတော့ လက်ထပ်ဖြစ်ဖို့ က သေချာသလောက် ရှိသွားပြီနော်"

သော်ဇင့်စကားကြောင့် သူ ဆတ်ခနဲ ဖြစ်သွားရသည် ။

"ဘာဖြစ်လို့ လဲ"

"ဟ ... မင်း ဒါလေးတောင် သဘောမပေါက်ဘူးလား၊ မင်းကို အိမ်ခေါ်တွေ့ပေးတာ၊ အမေ ဒါ ကျွန်မရဲ့ အပျော်ရည်းစားလို့ ပြောထားမလား ငတုံးရဲ့ ၊ သူ့ဘက်က သေချာလို့ အကဲခတ်ခိုင်းတာပေ့ါ"

"ငါကတော့ ကိုယ့်ကို အကဲခတ်ခံဖို့ လိုက်သွားတာ မဟုတ်ပါဘူး၊ သူ့ကို င့ါအမေလည်း သိနေတာပဲ၊ သူ့မိဘတွေလည်း ရင်းရင်းနှီးနှီး သိထားသင့်တယ် ထင်ပြီး လိုက်သွားတာ"

"မင်းလည်း ထူမလိုလိုနဲ့ အ,ပြန်ပြီ"

"လည်မလိုလိုနဲ့ အ,တယ် လုပ်ပါ"

"တမင်ပြောတာ ဟော့ကောင် ... မင်း အတွေးခေါင်တာကို အမြင်ကပ်လို့ ၊ ဒီမှာ ငါပြောမယ်၊ သေချာ နားထောင်၊ တကယ်တော့ မိန်းကလေးတွေက ရည်းစားကို မိဘနဲ့ ပေးတွေ့တာ၊ အသိပေးတာက မိဘကို ရိုသေလေးစားလွန်းလို့ မဟုတ်ဘူး ကွ၊ အဲဒီရည်းစားမှာ အိမ်က လက်ခံနိုင်တဲ့ အရည်အချင်း ရှိလို့ "

"ဟုတ်လား၊ ဒါဆို ငါက အရည်အချင်းတွေ ပြည့်ဝ စံမီလို့ ပေ့ါနော်"

ရောင်းရင်း စကားကြောင့် သော်ဇင်က နှာခေါင်းရှုံ့ရင်း ခပ်တိုးတိုး

ဆဲရေးလေသည် ။

"အေး ... အဲလို ကိုယ့်ကိုယ်ကိုယ် အမွှန်းတင်ပြီး တွေးရင်လည်း ရတာပေါ့ကွာ၊ တစ်ဖက်က လှည့်တွေးရင်တော့ မင်းကို ကြိုးရှည်ရှည်နဲ့ ချည်ပြီး ခြံခတ်လိုက်ပြီလို့ တွက်ရမယ်"

"ဟာ ... ဟော့ကောင်၊ မင်းစကားကြီးက ဘာလဲ၊ ငါက ဘယ်ဘဝ ရောက်သွားပြီလဲ စဉ်းစားဦး"

"စဉ်းစားပြီးသားကွ ... စဉ်းစားပြီးသား၊ မင်းရဲ့ ရှေ့ရေး နောက်ရေး အကုန် ငါက ကြိုမြင်ပြီးပြီ၊ ရွှေရေးခြယ်က သူ့မိဘတွေကို ကြိုးတစ်ချောင်းလို သုံးပြီး မင်းကို မလှုပ်နိုင်အောင် ချည်လိုက်ပြီ၊ မင်း ရုန်းလို့ မရအောင်လေ၊ သဘောကတော့ သူ့မိဘ ကိုယ့်မိဘ နှစ်ဖက်စလုံး သိနေပြီဖြစ်တာမို့ ဘယ်လို အကြောင်းနဲ့ မှ မပြတ်စဲကြေးပေါ့၊ အခွင့်သင့်တာနဲ့ စေ့စပ် လက်ထပ်ရတော့မယ်၊ ဒါပဲ"

သော်ဇင့်စကားက မှန်နေတာမို့ သူ ဘာမှ ပြန်မပြောဘဲ ငိုင်သွားမိသည် ။

သူ စိတ်ကူးယဉ်တုန်းက အဲဒါတွေ မပါခဲ့ပါ။ သော်ဇင့်လောက်တောင် သူ အတွေး မပေါက်ခဲ့တာ ညံ့တယ်ပဲ ဆိုရမည်။ ရွှေရေးခြယ်က သူနဲ့ လိုက်ဖက်သင့်တော်တာ မှန်ပေမယ့် အချိန်တိုအတွင်း ဆွဲလွဲ ယူရလောက်အောင်တော့ အရေးတကြီး မဆန်သင့်ပါ။

အတိုင်းအတာ တစ်ခုထိတော့ ဘဝရဲ့ လွတ်လပ်ပျော်ရွှင်မှုကို သူ လိုချင်သေးသည် ။ ဒါကိုရွေးပြီး ဒါပဲ ရမယ်ဆိုတာ သိစေမယ့် နံပါတ်တစ်ခု အချိတ်ခံရသလို မလွတ်မလပ် ဘဝကြီးကတော့ ဆိုးလွန်းလှပါသည် ။

"မင်းကလည်း ငိုင်သွားလိုက်တာ ရောင်းရင်းရာ၊ ခုမှ နောင်တရတဲ့

မျက်နှာကြီးနဲ့ "

"နောင်တ ရနေတယ်လို့ မင်းကို ဘယ်သူက ပြောလဲ"

"မင်း မျက်နှာကြီးမှာ ပေါ်နေတယ်လေ၊ မသိရင် မနက်ဖြန် မင်္ဂလာဆောင်ရမှာ လို၊ ကိုယ့်ကိုယ်ကိုယ် နှမြောနေတဲ့ မျက်နှာကြီးနဲ့ ၊ ရွှေရေးခြယ် ရမှာ များ နာအုံ့ထင်သေးတယ်၊ ဒီလောက် လန်းတဲ့ မဒီကို၊ မင်းတစ်ယောက်တည်း ကောင်မလေးတွေ ဝိုင်းနေတယ် မထင်နဲ့ ၊ သူ့ဘေးမှာ လည်း ဝိုင်းလို့ "

"မင်းတစ်ယောက်တည်းပဲ ဝေဖန်တော့၊ ငါတောင် ရည်းစားအရင်းကြီးကို ဒီလောက် မဝေဖန်ဘူး"

သော်ဇင်က တဟဲဟဲ ရယ်နေတော့၏။ သူငယ်ချင်း အားလုံးထဲမှာ သော်ဇင်က သူနဲ့ အရင်းနှီးဆုံး ပြောမနာ ဆိုမနာပင်။ တစ်ယောက်အကြောင်း တစ်ယောက် အသိဆုံး ဖြစ်သလို စပ်စုဝေဖန်ကြတဲ့ နေရာမှာ လည်း မိန်းကလေးတွေ ရှုံးလောက်သည် ။

ရွှေရေးခြယ်ကို စ,လိုက်တော့ မြှောက်ပေးတာ သူလည်း ပါသည် ။ ရွှေရေးခြယ် သဝန်တို ချုပ်ချယ်တာတွေကို အမြင်ကပ်ပြီး အသက်ကြီးလို့ ပစိမစပ်များ တယ် ပြောတာလည်း သူပင် ဖြစ်၏။

ဘာပဲဖြစ်ဖြစ် အတုအယောင် အလိမ်အညာတွေ သုံးပြီး အပျော်ရှာကြတဲ့ ခေတ်ထဲမှာ သီးသီးသန့်သန့် ချစ်သူတစ်ယောက် ရထားတာ သူ့အတွက် နေပျော်သည် ဟု ဆိုရပါမည်။

သော်ဇင်ပြောသလို လက်ထပ်ဖို့ သေချာလျှင်လည်း ရေးရေစက်အကြောင်းကံ ဖန်တီးလို့ သာ ဆုံဆည်းရသည် ဟု သူ ယူဆဖြေသိမ့်နိုင်ပါသည် ။

သရဲခြောက်တာ မခံရဘူးလို့ သရဲကို အယုံအစွဲ မရှိသလို အချစ်နှင့် တွေ့တွေ့ဆိုင်ဆိုင် မကြုံဘူးသည့် သူ့အတွက်လည်း ဘဝမှာ အချစ်က သိပ်တော့ အရေးမကြီးပါ။ မနက်ဖြန်ကို ဘာဖြစ်မလဲ မပူပင်သရွေ့ အချိန်တိုင်း သာယာချမ်းမြေ့နေသည် ပဲလေ ...။

***